## Summary

## အခန်း (၂၂)၊ The Personal Income Tax

## တစ်ဦးကျဝင်ငွေခွန်

၁။ အမေရိကန်ပြည်ထောင်စု၏ အခွန်စနစ်သည် အိမ်ထောင်စု၏ နှစ်စဉ်ဝင်ငွေအပေါ်တွင် ဝင်ငွေများလေ ပိုကောက်လေဖြစ်သည့် သဘောတရား (progressive taxation) အပေါ်တွင် အခြေခံသည်။

၂။ ဝင်ငွေအခွန်စနစ်ကို အကောင်အထည်ဖော်ရာတွင် ဝင်ငွေများအား သတ်မှတ်ဖော်ထုတ်ခြင်းနှင့် အခွန်ကောက်ခံသင့်သည့်အချိန်ကို ဆုံးဖြတ်ခြင်းတို့တွင် ပြဿနာများရှိသည်။ ဝင်ငွေများအား သတ်မှတ်ဖော်ထုတ်ရာတွင် အဓိကရင်ဆိုင်ရသည့်ပြဿနာမှာ သာမန်သုံးစွဲမှုနှင့်ဆိုင်သောကိစ္စရပ်များ (ordinary consumption activities) နှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ (activities that are motivated by business considerations) ခွဲခြားသိရန် ခက်ခဲခြင်းဖြစ်ပါသည်။

၃။ လက်တွေ့ကျင့်သုံးနိုင်သော၊ အလုပ်ဖြစ်နိုင်သော ဝင်ငွေခွန်စနစ်ကို ပုံဖော်ရာတွင် ကြုံတွေ့နိုင်သော ပြဿနာအများအပြားမှာ (ယင်းစနစ်ကျင့်သုံးရန်) ကုန်ကျစရိတ်များ (နှုတ်ရန်) အတွက် မည်သည်တို့ လိုအပ်မည်ကို ရှင်းရှင်းလင်းလင်း မသိရခြင်းပင်ဖြစ်သည်။ (ဥပမာ - ဝင်ငွေခွန်တွက်ချက်ရာတွင် အချို့သော ဆေးဝါးကုသမှုများအတွက် ကုန်ကျစရိတ်ကို လျှော့ပေးသင့်၊ မသင့်ကို သိရှိနိုင်ရန်)

၄။ အခွန်စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်များသည် မျှတမှုနှင့် မက်လုံးပေးလိုက်သည့် စဉ်းစားချက်များ ကြောင့် ဝင်ငွေအပေါ်တွင်လည်းကောင်း၊ လူတစ်ဦးကျအပေါ်တွင်လည်းကောင်း အခွန်ကင်းလွတ်ခွင့် (လျှော့ပေါ့ပေးမှု) အပေါ် အခွန်နှုန်းထားအပေါ်ချိန်ညှိမှုများ ဆောင်ရွက်ခွင့် ပြုပါသည်။ ယင်းတို့ကို ထည့်သွင်း စဉ်းစားမှုမရှိလျှင်ပင် ယင်းသို့ အခွန်လျှော့ပေါ့ပေးမှုများတွင် မျှတစေလိုမှုနှင့် မက်လုံးပေးလိုမှုများ ပါဝင်ပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် ဆေးဝါးကုသမှုများအတွက် အခွန်လျှော့ချပေးမှုသည် ကျန်းမာရေး စောင့်ရှောက်မှုကုန်ကျစရိတ်များကို လျော့ကျစေမည်ဖြစ်ပြီး၊ (ဆေးကုသမှုကုန်ကျစရိတ်များသည့်) ချမ်းသာကြွယ်ဝသူများ အတွက် အခွန်လျှော့ချမှုမှ အကျိုးပိုရနိုင်ပါသည်။

၅။ အမေရိကန်ပြည်ထောင်စုရှိ အခြေခံအခွန်ယူနစ်မှာ အခြားနိုင်ငံအများစုနှင့်မတူဘဲ အိမ်ထောင်စုများ အပေါ်ကောက်ခံခြင်းဖြစ်ပါသည်။ ၎င်း၏ အခွန်စနစ်တွင် အိမ်ထောင်စု အခြေအနေအမျိုးမျိုးအား မျှမျှတတ အခွန်စည်းကြပ်မှုဖြစ်စေရန် ထောက်ပံ့ပေးသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းထားပါသည်။ ကလေးစောင့် ရှောက်မှုစရိတ်အတွက် အခွန်လျှော့ပေါ့မှုနှင့် အိမ်ထောင်သည်စုံတွဲများနှင့် အိမ်ထောင်မရှိသူများအား မတူညီသောနှုန်းထားများဖြင့် ကောက်ခံမှုများစသည်တို့ ပါဝင်ပါသည်။ ယခုလက်ရှိစနစ်တွင် ယခင်ကကဲ့သို့ တူညီသောဝင်ငွေ ရရှိသောသူများအား အိမ်ထောင်ပြုခြင်းအတွက် အခကြေးငွေကောက်ခံခြင်းမရှိတော့ဘဲ အလွန်ဝင်ငွေကွာဟသူများ (ဝင်ငွေနိမ့်သူများ) အိမ်ထောင်ပြုခြင်းအတွက် ဆုကြေးကို ထောက်ပံ့ထားဆဲ ဖြစ်သည်။

၇။ အမေရိကန်ပြည်ထောင်စု၏ ၁၉၈၆၊ ၁၉၉၃၊ ၁၉၉၇၊ ၂၀၀၁ နှင့် ၂၀၀၃ ခုနှစ် အခွန်ဥပဒေကြမ်းများ (tax bills) သည် ဖက်ဒရယ်အစိုးရ၏ အခွန်စည်းမျဉ်းများ (ကိုဒ်ဥပဒေ) federal tax code) ပြဋ္ဌာန်းချက်များ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုအပေါ်သက်ရောက်မှုရှိခဲ့သည်။ ၁၉၈၆ (အခွန်)အက်ဥပဒေ 1986 Act သည် တိုးတက်ပြောင်းလဲမှုကို အရှိန်တန့်စေခဲ့သော်လည်း ၎င်းက လူချမ်းသာများအတွက် အထူးအခွင့်အရေးပေးသော အချက်အများအပြားကို ပယ်ဖျက်နိုင်ခဲ့သည်။ သို့သော်လည်း အပေါင်ခံချေးငွေအတိုးနှုန်းကဲ့သို့ပင် ပြည်နယ်နှင့် ဒေသဆိုင်ရာ ဝင်ငွေ၊ ရောင်းကုန်နှင့် ပစ္စည်းခွန်တို့ကို ဆက်လက်၍ လျှော့နည်းသက်သာခွင့် ပေးနေဆဲဖြစ်သည်။ ဆေးဝါးကုသခွင့်များ အပါအဝင် အလုပ်သမားရပိုင်ခွင့်များကိုမူ အခွန်စည်းကြပ်ခြင်း မရှိပေ။ ၁၉၉၃ ခုနှစ် အက်ဥပဒေသည်လည်း အခွန်ကောက်ခံမှုဆိုင်ရာပြဋ္ဌာန်းချက်များကို ဆက်လက်၍ တိုးတက်စေခဲ့ပြီး၊ ယင်းအရ ဝင်ငွေအဆင့်မြင့်မားသူများအပေါ် ကောက်ခံသောအခွန်နှုန်းကို များစွာတိုးမြင့် (၂၈ ရာခိုင်နှုန်း မှ ၄၀ ရာခိုင်နှုန်းနီးပါး) ခဲ့ပါသည်။ ၎င်းနောက်ပိုင်း အခွန်စနစ်ပြောင်းလဲမှုများက အမြတ်ခွန်အပေါ်တွင် အခွန်ကောက်ခံမှုကို ကြီးကြီးမားမားလျှော့ချခြင်းဖြင့် ချမ်းသာကြွယ်ဝသူများအပေါ် အကျိုးဖြစ်စေခဲ့ပြီး၊ တစ်ချိန်တည်းမှာပင် ကလေးစရိတ် အခွန်ကင်းလွတ်ခွင့်ပေးမှုများလည်း ရှိပါသည်။ ယင်းပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများမှာ လစာငွေကောင်းကောင်း ရရှိသူများအတွက် ထိခိုက်စေပြီး၊ မတည်ရင်းနှီးမြှုပ်နှံမှုမှ အမြတ်အစွန်းကြီးကြီးရရှိသူများအတွက် လည်းကောင်း၊ ကလေးရှိသည့် အလယ်အလတ်ဝင်ငွေရရှိသူများအတွက်လည်း အကျိုးဖြစ်ထွန်းစေပါသည်။ ထို့ပြင် ၁၉၈၆ ခုနှစ် အခွန်ဥပဒေက အဓိကဖြစ်ပေါ်စေခဲ့သည့် အခွန်ကောက်ခံရာတွင် လွယ်ကူရှင်းလင်းစေမှုများကို ကပြောင်းကပြန်ဖြစ်စေပြီး၊ ပညာရေးနှင့် မတည်ပစ္စည်း/ငွေရင်းမှ အမြတ်ရငွေများအပေါ်တွင်ကဲ့သို့သော အသေးစိတ်တစ်ခုချင်းစီအလိုက် အထူးပြုသည့် အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များ ပါဝင်လာခဲ့ပါသည်။

## Key Concepts

**Adjusted gross income (AGI)** - စုစုပေါင်းဝင်ငွေမှ အခွန်ကင်းလွတ်ခွင့်ရသော စုဆောင်းငွေ၊ ကလေးပြုစုပျိုးထောင်စရိတ်နှင့် အခြားအရာများစသည်တို့ နှုတ်ပြီးနောက်ရလာသည့် ဝင်ငွေ။ အမြတ်ခွန်တွက်ရာတွင် ခွင့်ပြုပမာဏများ နှင့် စရိတ်နှုတ်ပြီးကျန်သော ဝင်ငွေ။

**Barter arrangements** - တစ်ဦးနှင့်တစ်ဦး ကုန်စည်တိုက်ရိုက် ကုန်သွယ်ဖလှယ်မှု။

**Child and dependent care tax credit** - ကလေးနှင့် မှီခိုသူများ စောင့်ရှောက်ရေးအတွက် ပေးသော အခွန်ကင်းလွတ်ခွင့်။

**Child tax credit** - မိသားစုတွင်းရှိ ကလေးအရေအတွက်ပေါ်မူတည်၍ပေးသော အခွန်ကင်းလွတ်ခွင့်။

**Effective tax rate** - ဝင်ငွေနှင့် အခွန်ပေးဆောင်ရငွေအချိုး။

**Flat-rate tax schedule** - အခြေခံအခွန်ကင်းလွတ်ခွင့် အဆင့်ထက်များသည့် ဝင်ငွေများအားလုံးအတွက် တပြေးညီအခွန်နှုန်း။

**Haig-Simons concept** - ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုများနှင့်ဆိုင်သော အယူအဆဖြစ်ပြီး၊ စီးပွားရေးအရ အခြေအနေကောင်းမွန်မှုကို တိုင်းတာခြင်းဖြစ်သည်။ ၎င်းယူဆချက်အရ ဝင်ငွေသည် စားသုံးနိုင်မှု + ကြွယ်ဝမှုတန်ဖိုး အသားတင်အပြောင်းအလဲ (Income = Consumption + Change in net worth) နှင့် တူညီသည်ဟု ယူဆသည်။

**Marginal tax rate** - အခွန်ပေးဆောင်ရမည့်စီးပွားရေးလုပ်ငန်းဆောင်တာတစ်ယူနစ်တိုးလာတိုင်း အခွန်တိုးမြှင့်ပေးဆောင်ရမည့်ပမာဏဖြစ်ပါသည်။ (ဥပမာအားဖြင့် ဝင်ငွေ တစ်ဒေါ်လာပိုမိုရရှိသည့် အတွက် ထပ်မံပေးဆောင်ရမည့် အခွန်)

**Marriage tax** – (တစ်ဦးချင်းစီ အခွန်ပေးဆောင်နေရရာမှ) အိမ်ထောင်ပြုပြီး အခွန်ပေးဆောင်ရာတွင် (အိမ်ထောင်ဖက်တစ်ဦးချင်းစီ အခွန်ပေးဆောင်စဉ်ကထက်) အခွန်ပိုမိုကျသင့်နေခြင်း ဖြစ်ပါသည်။

**Marriage subsidy** - (တစ်ဦးချင်းစီ အခွန်ပေးဆောင်နေရရာမှ) အိမ်ထောင်ပြုပြီး အခွန်ပေးဆောင်ရာတွင် (အိမ်ထောင်ဖက်တစ်ဦးချင်းစီ အခွန်ပေးဆောင်စဉ်ကထက်) အခွန်လျော့နည်းကျသင့်နေခြင်း ဖြစ်ပါသည်။

**Present discounted tax** – လက်ရှိပေးဆောင်ရမည့်အခွန်ကို အနာဂတ်သို့ ရွှေ့၍ပေးဆောင်သည့်အခွန် (ငွေဖောင်းပွမှုနှုန်းကြောင့် အမှန်ပေးဆောင်ရငွေကို လျှော့ချခြင်း)

**Standard deduction** - အခွန်စနစ်က ပေးဆောင်ရမည့်အခွန်အမျိုးအစားများကို ပမာဏတစ်ရပ် နှုတ်ယူခွင့်ပြုမှု။

**Taxable income** - အခွန်စည်းကြပ်နိုင်သော ဝင်ငွေ။

**Tax credits** - အစိုးရက တစ်ဦးတစ်ယောက်ချင်းသို့ဖြစ်စေ၊ မိသားစုအတွက်ဖြစ်စေ ထောက်ပံ့ပေးခြင်း ဖြစ်ပါသည်။ ကလေးရှိပြီး ဝင်ငွေတစ်ရပ်ထက်နိမ့်သောဝင်ငွေရှိသည့်မိသားစုအတွက် ထောက်ပံ့ပေးခြင်းမျိုး၊ ရက်သတ္တပတ်တစ်ခုလျှင် သတ်မှတ်ဝင်ငွေတစ်ရပ်ထက်နိမ့်သော လုပ်သားများကို ထောက်ပံ့ခြင်းမျိုး ဖြစ်ပါသည်။